# မြန်မာ့အရင်းအနှီးဈေးကွက်


တင်ပြသူ

ဦးဌေးချွန်

ကော်မရှင်အဖွဲ့ဝင်

ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်


၅- ၁၂-၂၀၁၉

# အဓိပ္ပါယ်ဖွင့်ဆိုချက်များ

- **ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင် (SECM)** ဆိုသည်မှာ –

  အရင်းအနှီးဈေးကွက် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းတစ်ရပ်လုံး (Securities Industries) အား ဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများဖြင့် ကြီးကြပ်ကွပ်ကဲသည့်အဖွဲ့အစည်း၊

- **စတော့အိပ်ချိန်း** ဆိုသည်မှာ –
  - ငွေချေးသက်သေခံလက်မှတ်များအား အရောင်း၊ အဝယ်ပြုလုပ်သည့်ဈေးကွက်ကြီး၊
  - အများနှင့်သက်ဆိုင်သော ကုမ္ပဏီများသည် မိမိတို့ဆောင်ရွက်မည့် လုပ်ငန်းစီမံကိန်းများအတွက် မတည်ငွေရင်းစုဆောင်းရှာဖွေလိုပါက ရန်ကုန်စတော့အိပ်ချိန်းတွင် စာရင်းဝင်ပြီး အရင်းအနှီးစုဆောင်းရှာဖွေနိုင်၊
  - ရင်းနှီးမြှုပ်နှံသူများအနေဖြင့်လည်း စတော့အိပ်ချိန်းတွင် စာရင်းဝင်ထားသည့် ကုမ္ပဏီများထံမှယုံကြည်စိတ်ချစွာဖြင့် အစုရှယ်ယာများဝယ်ယူပြီး ရင်းနှီးမြှုပ်နှံနိုင်သော ဈေးကွက်ကြီး၊

# အဓိပ္ပါယ်ဖွင့်ဆိုချက်များ

- **ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီ (Securities Company)** ဆိုသည်မှာ- အစုရှယ်ယာများထုတ်ဝေရောင်းချသည့် ကုမ္ပဏီများနှင့် အစုရှယ်ယာ ဝယ်ယူလိုသည့် ရင်းနှီးမြှုပ်နှံလိုသူများအကြား စတော့အိပ်ချိန်းတွင်အရောင်းအဝယ် ဖြစ်မြောက်စေရေးအတွက် ကြားခံဝန်ဆောင်မှုပေးသော ကုမ္ပဏီ၊
- **စာရင်းဝင်ကုမ္ပဏီ (Listed Company)** ဆိုသည်မှာ-

  စတော့အိပ်ချိန်းတွင် အစုရှယ်ယာများရောင်းဝယ်မှုပြုလုပ်ရန်အတွက် သတ်မှတ်ထားသော စာရင်းဝင် 'စံ' များနှင့်အညီ ကိုက်ညီမှုရှိပြီး စတော့အိပ်ချိန်းတွင် မှတ်ပုံတင်ထားသောအများနှင့်သက်ဆိုင်သောကုမ္ပဏီ၊
- **အများနှင့်သက်ဆိုင်သောကုမ္ပဏီ (Public Company)** ဆိုသည်မှာ-

  အများပြည်သူသို့ အစုရှယ်ယာများဖိတ်ခေါ်ခွင့်နှင့် အစုရှယ်ယာများ လွတ်လပ်စွာလွှဲပြောင်းခွင့်ရှိပြီး စတော့အိပ်ချိန်းတွင် စာရင်းသွင်းပါဝင်နိုင်သော ကုမ္ပဏီ၊

# အခြေခံဝေါဟာရများ

- **ငွေချေးသက်သေခံလက်မှတ် (Securities) ဆိုသည်မှာ–**
  - အစိုးရမှ ထုတ်ဝေသည့် ငွေတိုက်လက်မှတ်များ၊ ငွေတိုက်စာချုပ်များ၊ ငွေချေးစာချုပ်များနှင့် ဒီဘင်ချာများ၊
  - အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်း၊ နိုင်ငံခြားအစိုးရနှင့်ယင်းတို့၏ အဖွဲ့အစည်းများမှထုတ်ဝေသည့်ငွေတိုက်လက်မှတ်များ၊ငွေတိုက်စာချုပ်များ၊ ငွေချေးစာချုပ်များနှင့် ဒီဘင်ချာများ၊
  - အများနှင့်သက်ဆိုင်သောကုမ္ပဏီများမှထုတ်ဝေသည့်ရှယ်ယာများ၊စတော့များ၊ ငွေချေးစာချုပ်များ၊ ဒီဘင်ချာများနှင့် ဝရန်းများ၊
  - ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်မှ အမိန့်ကြော်ငြာစာ ထုတ်ပြန်၍သတ်မှတ်သည့် အခြားငွေချေးသက်သေခံလက်မှတ်များနှင့် စာချုပ်စာတမ်းများ။

# အခြေခံဝေါဟာရ နှင့် ဆိုချက်များ

- **ငွေချေးသက်သေခံလက်မှတ် ဈေးကွက်(Securities Market)** ဆိုသည်မှာ–
  - ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကိုပုံမှန်လုပ်ကိုင်လျက်ရှိသည့် ဈေးကွက် သို့ မဟုတ် နေရာ ကိုဆိုသည်။
  - ယင်းစကားရပ်တွင် ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကို ပုံမှန်လုပ်ကိုင်သည့် စနစ်တစ်ရပ်လည်းပါဝင်သည်။
- **အရင်းအနှီးဈေးကွက်(Capital Market)** ဆိုသည်မှာ–
  - အစုရှယ်ယာများ/ပိုင်ဆိုင်ခွင့်များဝယ်ယူခြင်းကဲ့သို့သောကာလရှည်ဘဏ္ဍာငွေဖြည့်တင်းနိုင်သည့်ဈေးကွက်ကိုဆိုလိုသည်။
  - ယင်းစကားရပ်တွင်အစုရှယ်ယာများ / ပိုင်ဆိုင်ခွင့်များ ထုတ်ဝေသည့်မူလဈေးကွက် သော်လည်းကောင်း၊တစ်ဆင့်ခံရောင်းချသည့်ဆင့်ပွားဈေးကွက်သော်လည်းကောင်းပါဝင်နိုင်
  - မူလဈေးကွက်တွင်ရင်းနှီးမြှုပ်နှံသူများဝယ်ယူနိုင်ရန်အစုရှယ်ယာ သို့မဟုတ် ငွေချေးစာချုပ်ထုတ်ဝေပြီး

# အခြေခံအယူအဆများ

- **အရင်းအနှီးဈေးကွက်(Capital Market)** ဆိုသည်မှာ–
  - အစိုးရများမှငွေချေးစာချုပ်များကိုထုတ်ဝေပြီး ကုမ္ပဏီများအနေဖြင့် အစုရှယ်ယာနှင့် ငွေချေးစာချုပ်နှစ်မျိုးစလုံးထုတ်ဝေ
  - တစ်ဆင့်ခံဈေးကွက်တွင် စတော့အိပ်ချိန်း သို့မဟုတ် ကောင်တာဈေးကွက်တို့မှတစ်ဆင့် ရင်းနှီးမြှုပ်နှံသူများမှ ထုတ်ဝေပြီးအစုရှယ်ယာများကို ရောင်း/ဝယ် နိုင်

# စတော့ရှယ်ယာဈေးကွက်နှင့် သက်ဆိုင်သည့် ဥပဒေများ

- မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ (၂၀၁၇)
- ငွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေးဥပဒေ (၂၀၁၃)
- ငွေချေးသက်သေခံလက်မှတ်များလဲလှယ်ရောင်းဝယ်ရေးနည်းဥပဒေ (၂၀၁၅)

# အများနှင့်သက်ဆိုင်သောကုမ္ပဏီ
# မြန်မာနိုင်ငံ ကုမ္ပဏီများဥပဒေ (၂၀၁၇) အရ

(၁) အများနှင့်သက်ဆိုင်သောကုမ္ပဏီတွင် အနည်းဆုံး အဖွဲ့ဝင်(၁)ဦးမှ အများဆုံး အကန့်အသတ်မရှိ ပါဝင်နိုင်ပါသည်။ ဒါရိုက်တာအရေအတွက်မှာ အနည်းဆုံး (၃) ဦးရှိရမည်။

(၂) အများပြည်သူသို့ အစုရှယ်ယာများ ဖိတ်ခေါ်နိုင်သည်။

(၃) အစုရှယ်ယာများ လွတ်လပ်စွာ လွှဲပြောင်းနိုင်သည်။

(၄) ဒီဘင်ချာ၊ ငွေချေးစာချုပ်များ ထုတ်ဝေရောင်းချခွင့်ရှိသည်။

# အများနှင့်သက်ဆိုင်သောကုမ္ပဏီ မြန်မာနိုင်ငံ ကုမ္ပဏီများဥပဒေ (၂၀၁၇) အရ

(၅) အစုရှယ်ယာများခေါ်ယူရာတွင် အလားအလာညွှန်းတမ်း (Prospectus) (သို့) အလားအလာညွှန်းတမ်းအစား ရှင်းတမ်း (Statement in Lieu of Prospectus) ထုတ်ဝေနိုင်သည်။

(၆) လုပ်ငန်းစတင်ဆောင်ရွက်ရန် လက်မှတ် (Commencement of Business Operation Certificate) ရပြီးမှ လုပ်ငန်းစတင်ဆောင်ရွက်ခွင့်ရှိသည်။

(၇) စတော့အိတ်ချိန်းတွင် စာရင်းသွင်း ပါဝင်နိုင်သည်။

# ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း

(၁) ငွေချေးသက်သေခံလက်မှတ်များ ကိုယ်ပိုင်ရောင်းဝယ်ခြင်း၊

(၂) ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းတွင် အကျိုးဆောင် (သို့) ကိုယ်စားလှယ် အဖြစ်ဆောင်ရွက်ခြင်း၊

(၃) ငွေချေးသက်သေခံလက်မှတ်များကို တာဝန်ခံ၍ တစ်ဆင့် ဖြန့်ချိရောင်းချခြင်း၊

(၄) ငွေချေးသက်သေခံလက်မှတ် ရင်းနှီးမြှုပ်နှံမှုအတွက် အကြံဉာဏ်ပေးခြင်း၊

(၅) ငွေချေးသက်သေခံလက်မှတ်များအပ်နှံမှု လက်ခံခြင်းနှင့် စာရင်းရှင်းလင်းခြင်း၊

(၆) ကော်မရှင်က အမိန့်ကြော်ငြာစာထုတ်ပြန်၍ ငွေချေးသက်သေခံလက်မှတ် လုပ်ငန်းဟု သတ်မှတ်သည့် လုပ်ငန်းဆောင်ရွက်ခြင်း၊

# အရင်းအနှီးဈေးကွက်တည်ထောင်ရန်အတွက် အခြေခံလိုအပ်ချက်များ

- ငွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေးဥပဒေ
  - ၂၀၁၃ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်နေ့တွင် ပြဋ္ဌာန်းခဲ့၊
- နည်းဥပဒေများ
  - ၂၀၁၅ခုနှစ်၊ ဇူလိုင်လ ၂၇ ရက်နေ့တွင် ထုတ်ပြန်ခဲ့၊
- ကြီးကြပ်မည့်အဖွဲ့အစည်း
  - ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း ကြီးကြပ်ရေးကော်မရှင်အား ၂၀၁၄ခုနှစ်၊ ဩဂုတ်လ ၁၉ ရက်နေ့တွင် ပြည်ထောင်စုအစိုးရအဖွဲ့၏ အမိန့်ကြော်ငြာစာအမှတ် (၆၄/၂၀၁၄) ဖြင့် ဖွဲ့စည်းပြီး၊

# ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေး ကော်မရှင်

## ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ-

| | |
|---|---|
| (၁) ဦးမောင်မောင်ဝင်း | ကော်မရှင်ဥက္ကဋ္ဌ |
| (၂) ဒေါ်ခင်လေးမြင့် | ကော်မရှင်အဖွဲ့ဝင် |
| (၃) ဦးဌေးချွန် | ကော်မရှင်အဖွဲ့ဝင် |
| (၄) ဦးသိန်းမြင့် | ကော်မရှင်အဖွဲ့ဝင် |
| (၅) ဒေါ်တင်မေဦး | ကော်မရှင်အဖွဲ့ဝင် |
| (၆) ဒေါ်တင်တင်အုန်း | ညွှန်ကြားရေးမှူးချုပ်<br>အတွင်းရေးမှူး |

# ကော်မရှင်ဖွဲ့စည်းခြင်းနှင့် ကော်မရှင်၏တာဝန်နှင့် လုပ်ပိုင်ခွင့်များ

(၁) ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းလိုင်စင် လက်မှတ်ထုတ်ပေးရန် လျှောက်ထားချက်ကိုစိစစ်ပြီး လိုင်စင်ထုတ်ပေးခြင်း (သို့မဟုတ်) ထုတ်ပေးရန် ငြင်းပယ်ခြင်း၊

(၂) စတော့အိပ်ချိန်း တည်ထောင်ခွင့်ပြုရန် လျှောက်ထားချက်ကို စိစစ်ပြီး ခွင့်ပြုမိန့် ထုတ်ပေးခြင်း (သို့မဟုတ်) ခွင့်ပြုရန် ငြင်းပယ်ခြင်း။

(၃) စာရင်းမဝင်သောငွေချေးသက်သေခံလက်မှတ်များရောင်းဝယ်ရေးအတွက် ကောင်တာဈေးကွက်တည်ထောင်ခွင့်ပြုရန်ဖွဲ့စည်းပုံစည်းမျဉ်း၊ သတ်မှတ်ချက်များနှင့်အညီ ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီများစုပေါင်း၍လျှောက်ထားလာလျှင်ခွင့်ပြုမိန့်ထုတ်ပေးခြင်း။

(၄) ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းနှင့်သက်ဆိုင်သောကိစ္စရပ်များနှင့်စပ်လျဉ်း၍ လိုအပ်သည့်အကြံဉာဏ်များကို ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြခြင်း။

# ကော်မရှင်ဖွဲ့စည်းခြင်းနှင့် ကော်မရှင်၏တာဝန် နှင့် လုပ်ပိုင်ခွင့်များ

(၅) လိုအပ်သောလုပ်ငန်းကော်မတီများ၊ အဖွဲ့များကိုဖွဲ့စည်းပြီး ယင်းတို့၏လုပ်ငန်းတာဝန်များကို သတ်မှတ်ခြင်း။

(၆) ငွေချေးသက်သေခံလက်မှတ် ကုမ္ပဏီကိုဖြစ်စေ၊ ကောင်တာဈေးကွက်ကိုဖြစ်စေ၊ စတော့အိပ်ချိန်းကိုဖြစ်စေ လိုအပ်သလိုညွှန်ကြားခြင်း။

(၇) ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကို ကြီးကြပ်ကွပ်ကဲခြင်းအပြင် အခါအားလျော်စွာစုံစမ်းမှုနှင့် စစ်ဆေးမှုများပြုလုပ်ခြင်း။

(၈) ပြည်ထောင်စုအစိုးရအဖွဲ့က ပေးအပ်သော အခြားလုပ်ငန်းတာဝန်များကို ထမ်းဆောင်ခြင်း။

# ငွေချေးသက်သေခံလက်မှတ်များ ထုတ်ဝေခြင်း

**အများနှင့်သက်ဆိုင်သောကုမ္ပဏီသည် -**

(က) ငွေချေးသက်သေခံလက်မှတ်များကို အများပြည်သူသို့ ကမ်းလှမ်းရောင်းချခြင်းမပြုမီ မည်ကဲ့သို့ကမ်းလှမ်းမည်ဖြစ်ကြောင်း ကော်မရှင်သို့တင်ပြပြီး၊ အတည်ပြုချက်ရယူရမည်။ ကော်မရှင်သည် ရက်ပေါင်း ၆၀ အတွင်း အဆုံးအဖြတ်ပေးရမည်။

(ခ) အများပြည်သူသို့ ကမ်းလှမ်းရောင်းချသည့်အခါ ကုမ္ပဏီ၏ သင်းဖွဲ့မှတ်တမ်း၊ သင်းဖွဲ့စည်းမျဉ်း/ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းနှင့်အတူ ကုမ္ပဏီ၏အရေးကြီးသောအချက်အလက်များ ပါဝင်သည့် အလားအလာညွှန်းတမ်းကိုပါ ထုတ်ပြန်ကြေညာရမည်။

# ညွှန်ကြားချက် ( ၅ / ၂၀၁၆ )
# အများနှင့်သက်ဆိုင်သောကုမ္ပဏီများ၏ အစုရှယ်ယာများကို အများပြည်သူသို့ ကမ်းလှမ်းရောင်းချရာတွင် အသုံးပြုမည့် အလားအလာညွှန်းတမ်းပုံစံ

| အစုရှယ်ယာရှင်ဦးရေ | ကမ်းလှမ်းရောင်းချမည့်ပမာဏ | အလားအလာညွှန်းတမ်းပုံစံ |
|---|---|---|
| ▪ လူဦးရေ (၁၀၀) အောက် | ကျပ်သန်း၅၀၀ ထက်နည်းလျှင် | ပုံစံ(က) |
| ▪ လူဦးရေ (၁၀၀) အောက် | ကျပ်သန်း၅၀၀ ကျော်ပါက | ပုံစံ(ခ) |
| ▪ လူဦးရေ (၁၀၀) ကျော် | ကျပ်သန်း၅၀၀ ထက်နည်းလျှင် | ပုံစံ(ခ) |
| ▪ လူဦးရေ (၁၀၀) ကျော် | ကျပ်သန်း၅၀၀ ကျော်ပါက | ပုံစံ(ခ) |

# အများပြည်သူသို့အစုရှယ်ယာကမ်းလှမ်းရောင်းချခြင်းအတွက်လုပ်ငန်းစဉ်များ

(၁) အများနှင့်သက်ဆိုင်သောကုမ္ပဏီသည် ငွေချေးသက်သေခံလက်မှတ်များကို အများပြည်သူသို့ ကမ်းလှမ်းရောင်းချခြင်းမပြုမီ မည်ကဲ့သို့ကမ်းလှမ်းမည် ဖြစ်ကြောင်း ကော်မရှင်သို့တင်ပြပြီး အတည်ပြုချက်ရယူရပါမည်။

(၂) ထိုသို့တင်ပြရာတွင် ကုမ္ပဏီ၏သင်းဖွဲ့မှတ်တမ်း၊ သင်းဖွဲ့စည်းမျဉ်းနှင့်အတူ ကုမ္ပဏီ၏ အရေးကြီးသောအချက်အလက်များပါဝင်သည့် အလားအလာညွှန်းတမ်း (Prospectus) ကိုပါတင်ပြရမည်ဖြစ်ပါသည်။ ကော်မရှင်သည် ရက်ပေါင်း (၆၀) အတွင်းအဆုံးအဖြတ်ပေးရပါမည်။

# အများပြည်သူသို့အစုရှယ်ယာကမ်းလှမ်းရောင်းချခြင်းအတွက်လုပ်ငန်းစဉ်များ

(၃) အများနှင့်သက်ဆိုင်သာကုမ္ပဏီသည် အလားအလာညွှန်းတမ်း(Prospectus) ကို ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း ကြီးကြပ်ရေးကော်မရှင်ထံမှ အတည်ပြုချက် ရယူပြီးမှသာ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနသို့ မြန်မာနိုင်ငံ ကုမ္ပဏီများဥပဒေအရ မှတ်ပုံတင်အရာရှိထံတွင် တင်ပြမှတ်ပုံတင်ရန်နှင့် ပုဒ်မ ၂၁၈ (က) နှင့်အညီ လုပ်ငန်းစတင် ဆောင်ရွက်ခွင့်လက်မှတ်ကို လျှောက်ထားရယူရမည်။

(၄) အလားအလာညွှန်းတမ်း(Prospectus) အား ပြင်ဆင်သည့်အခါတိုင်းတွင်သော်လည်းကောင်း၊ အသစ်ထပ်မံထုတ်ဝေသည့် အခါ၌သော်လည်းကောင်း၊ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်၏ အတည်ပြုချက်ကို ရယူရမည်ဖြစ်ပါသည်။

# ရန်ကုန်စတော့ အိပ်ချိန်း

- ကနဦးမတည်ငွေရင်းထည့်ဝင်မှု ကျပ် ၃၂ဘီလီယံ
- မြန်မာနိုင်ငံဘက်မှ
  - မြန်မာ့စီးပွားရေးဘဏ်က အစုရှယ်ယာ ၅၁% (ကျပ်၁၆.၃၂ဘီလီယံ)
- ဂျပန်နိုင်ငံ ဘက်မှ
  - Daiwa Institute of Research က ၃၀.၂၅% (ကျပ်၉.၆၈ဘီလီယံ)
  - Japan Exchange Group က ၁၈.၇၅% (ကျပ် ၆.၀၀ဘီလီယံ)
- ဖက်စပ်ကုမ္ပဏီအဖြစ် တည်ထောင်ပြီး လုပ်ငန်းများကို (၂၅.၃.၂၀၁၆) ရက်နေ့တွင် စတင် ဆောင်ရွက်ခဲ့ပါသည်။
- မတည်ငွေရင်း၊ နည်းပညာ၊ ကျွမ်းကျင်မှုပညာရှင်များ ပြည့်စုံစွာဖွဲ့စည်းထားသော ဖက်စပ် ကုမ္ပဏီ ဖြစ်ပါသည်။

# Listing Criteria

(၁) မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေအရ မှတ်ပုံတင်ထားသော ပေးရန်တာဝန်ကန့်သတ် ထားသည့် လီမိတက်ကုမ္ပဏီဖြစ်ပြီး အများနှင့်သက်ဆိုင်သော ကုမ္ပဏီ၏အင်္ဂါရပ်များ၊ လုပ်ထုံးလုပ်နည်း နှင့်အညီ လုပ်ဆောင်နေသောကုမ္ပဏီဖြစ်ရမည်။

(၂) အစုရှယ်ယာဝင်ဦးရေ အနည်းဆုံး ၁၀၀ အထက်ရှိရမည်။

(၃) လျှောက်ထားသည့်နေ့တွင်ထည့်ဝင်ပြီးမတည်ရင်းနှီးငွေအနည်းဆုံးကျပ် ၅၀၀ သန်းရှိရမည်။

(၄) လျှောက်ထားသည့်နေ့မတိုင်မီ အနည်းဆုံး(၂)နှစ်တာ ကာလအတွင်း လုပ်ငန်းအမြတ်ရရှိရမည်။

(၅) တည်ဆဲဥပဒေများနှင့်အညီ စီးပွားရေးလုပ်ငန်းကိုလုပ်ကိုင်၍ တည်ငြိမ်သော ဝင်ငွေအခြေခံရှိရမည်။

# Listing Criteria

(၆ ) ကုမ္ပဏီဒါရိုက်တာအဖွဲ့ဝင်များ၊ ကုမ္ပဏီကိုဦးဆောင်သူများသည် အကျင့်စာရိတ္တကောင်း မွန်၍ ပြစ်ဒဏ်ကျခံဘူးခြင်းမရှိသူများဖြစ်ရမည့်အပြင် အမှုရင်ဆိုင်နေရသူများ မဖြစ်စေရ။ တာဝန် ကျေပွန်သူ ဖြစ်၍ တရားမျှတစွာ ဥပဒေနှင့်အညီ စိတ်ကောင်း စေတနာကောင်းဖြင့် ဆောင်ရွက်သူများ ဖြစ်ရမည်။

(၇) ကုမ္ပဏီဒါရိုက်တာအဖွဲ့ဝင်များ၊ ကုမ္ပဏီကို ဦးဆောင်သူများသည် မိမိအကျိုး၊ ကုမ္ပဏီအကျိုး အတွက် အများပြည်သူ အထင်အမြင်လွဲမှားစေမည့် အပြုအမူ၊အပြောအဆိုပြုလုပ်မှုမျိုး မပြု လုပ်ရ။

(၈) ကောင်းမွန်သောစီမံအုပ်ချုပ်မှုစနစ်ဖြစ်စေရန် အများနှင့်သက်ဆိုင်သောကုမ္ပဏီတွင် တာဝန် ထမ်းဆောင်နေသော ဒါရိုက်တာအဖွဲ့ဝင် လူကြီးတစ်ဦးချင်းသည် အစုရှယ်ယာရှင် အစည်း အဝေး၏အတည်ပြုချက်ဖြင့် ဆောင်ရွက်သည့် ကိစ္စရပ်မှတစ်ပါး ယင်းကုမ္ပဏီမှ ဆောင်ရွက် နေသောလုပ်ငန်း နှင့် အကျိုးစီးပွားခြင်းတူသောလုပ်ငန်းတစ်ရပ်ရပ်ကို ဆောင်ရွက်ခြင်း မပြုရ။

# Listing Criteria

(၉) ကုမ္ပဏီနှင့်ဒါရိုက်တာအဖွဲ့ဝင်များ၊ ကုမ္ပဏီကိုဦးဆောင်သူများသည် အစိုးရအဖွဲ့အစည်း၊ အများနှင့် သက်ဆိုင်သော အဖွဲ့အစည်းတစ်ရပ်ရပ်၏အမည်မည်းစာရင်းတွင် ပါဝင်ခြင်းမရှိရ။

(၁၀) ကုမ္ပဏီ၏စာရင်းထိန်းသိမ်းမှု၊ စာရင်းစစ်ဆေးမှုတို့ကို မြန်မာနိုင်ငံစာရင်းကိုင်နှင့် စာရင်းစစ် "စံ" သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ရမည်။

(၁၁) ကုမ္ပဏီသည်မြန်မာနိုင်ငံ၏တည်ဆဲအခွန်ဥပဒေများနှင့်အညီ အခွန်တာဝန်ကျေပွန်ရမည်။

(၁၂) ကုမ္ပဏီနှင့်သက်ဆိုင်သည့်သတင်းအချက်အလက်များ၊ အများပြည်သူသိသင့်သည့် အချက်အလက်များကို မြန်မာနိုင်ငံငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေး ကော်မရှင်နှင့် ရန်ကုန်စတော့ အိပ်ချိန်းတို့သို့ ထုတ်ဖော်တင်ပြရမည့်အပြင် အများပြည်သူသိနားလည်လွယ်သည့်သင့်တော်သောနည်းလမ်းဖြင့်အများပြည်သူသို့အချိန်မီထုတ်ဖော်ကြေညာရမည်။ ထိုသို့ ထုတ်ဖော်ကြေညာရာတွင် ရင်းနှီးမြှုပ်နှံသူများ၏ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဆုံးဖြတ်ချက်များ ပြုလုပ်မှုကို ထိခိုက်စေမည့်အချက်များ၊ ဆုံးရှုံးနိုင်မှုအလားအလာဟု ယူဆရသောအချက်များလုပ်ငန်းဆောင်ရွက်မှုပြုနိုင်မည့်အခြေခံ အလားအလာများ စသည်တို့ကို အထူးပြုဖော်ပြရမည်။

# Listing Criteria

(၁၃) ဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများလိုက်နာရန်အတွက် ကြီးကြပ်မည့်အရာရှိ (Compliance Officer) ခန့်ထား၍ ဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများ လိုက်နာရန်ထိရောက်သော စနစ်တစ်ရပ်ထားရှိ ဆောင်ရွက်ရမည်။

(၁၄) လုပ်ငန်းဆောင်ရွက်မှုပုံစံ၊လုပ်ငန်းဆောင်ရွက်မည့်ဝန်းကျင်နှင့် ဆုံးရှုံးမှုအလားအလာဆိုင်ရာအချက်များပါဝင်သော လုပ်ငန်းစီမံချက်ထားရှိဆောင်ရွက်ရမည်။

(၁၅) အတွင်းသတင်းအချက်အလက်သိရှိသူများက ကြိုတင်ရောင်းဝယ်ဆောင်ရွက်ခြင်း (Insider Trading) ကိုကာကွယ်တားဆီးရန်စနစ်တစ်ရပ် ထူထောင်ထားရှိဆောင်ရွက်ရမည်။

(၁၆) ကောင်းမွန်သော ကော်ပိုရိတ်အုပ်ချုပ်မှုနှင့်ကုမ္ပဏီအတွင်း စီမံခန့်ခွဲမှုထိန်းချုပ်မှုစနစ်များထားရှိ၍ စီမံခန့်ခွဲမှုကို မလျော်ဩဇာကင်းရှင်း၍ တည်ငြိမ်စွာနှင့် စဉ်ဆက်မပြတ် ဆောင်ရွက်ရမည်။

(၁၇) အနာဂတ်တွင်တည်ငြိမ်သော အမြတ်ရရှိရန် အကြောင်းအကျိုးညီညွတ်သော မျှော်မှန်းချက်ရှိရမည်။

# ကောင်တာ ဈေးကွက်

❖ ကောင်တာဈေးကွက် တည်ထောင်လိုသည့် သုံးခုအောက် မနည်းသော ငွေချေးသက်သေခံလက်မှတ် ကုမ္ပဏီများ သည် ကော်မရှင်သို့ စုပေါင်းလျှောက်ထားပြီး ခွင့်ပြုချက်ရရှိသည့်အခါ ကောင်တာဈေးကွက် ကိုတည်ထောင်နိုင်သည်။ (ပုဒ်မ ၄၄)

# မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ (၂၀၁၇) အရ နိုင်ငံခြားကုမ္ပဏီဆိုသည်မှာ

- ကုမ္ပဏီ ဥပဒေအသစ်ပါ ပြဋ္ဌာန်းချက်များအရ နိုင်ငံခြားကုမ္ပဏီအဖြစ် သတ်မှတ်ရန် အောက်ပါအချက် (၃) ချက်သာ လိုအပ်ပါသည်–
  - အဆိုပြု တင်ပြသောကုမ္ပဏီသည် ဖွဲ့စည်းတည်ထောင်သည့်အချိန်တွင် နိုင်ငံခြား ကုမ္ပဏီ တစ်ခု ဟုတ်/မဟုတ် ဖော်ပြရန်၊ (ပုဒ်မ ၆( ခ– ၈(ဓဓ))
  - အစုရှယ်ယာများလွှဲပြောင်းခြင်းကြောင့် ကုမ္ပဏီသည် နိုင်ငံခြားကုမ္ပဏီတစ်ခု အဖြစ်သို့ ရောက်ရှိသည် (သို့မဟုတ်) နိုင်ငံခြားကုမ္ပဏီတစ်ခု အဖြစ်မှ ရပ်စဲသည် ဆိုသည်ကို DICA သို့ လွှဲပြောင်းသည့်နေ့မှ (၂၁) ရက်အတွင်း အကြောင်းကြားရန်၊ (ပုဒ်မ ၈၆ (ခ) )
  - နောက်ဆုံးအကြိမ် နှစ်စဉ်အစီရင်ခံစာပြုလုပ်သည့်နေ့၏ နောက်ပိုင်းတွင် ကုမ္ပဏီ သည် နိုင်ငံခြားကုမ္ပဏီဖြစ်လာသည့်အကြောင်း(သို့မဟုတ်) နိုင်ငံခြားကုမ္ပဏီအဖြစ်မှရပ်စဲသည့် အကြောင်းနှင့် ပြောင်းလဲသွားသည့်နေ့ရက်ကို DICA သို့တင်ပြသည့် နှစ်စဉ်အစီရင်ခံစာ ၌ဖော်ပြရန်၊ (ပုဒ်မ ၉၇ ( ခ– ၁၂) )

# မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ (၂၀၁၇) အရ နိုင်ငံခြားသား ရင်းနှီးမြှုပ်နှံမှုကို ခွင့်ပြုခြင်း

- နိုင်ငံခြားကုမ္ပဏီဆိုသည်မှာ ပြည်ပကော်ပိုရေးရှင်း (သို့မဟုတ်) အခြား နိုင်ငံခြားသားတစ်ဦးဦး (သို့မဟုတ်) ၎င်းတို့ပေါင်းစည်းလျက် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်သော နည်းဖြင့်ဖြစ်စေ ပိုင်ဆိုင်မှုပမာဏ ၃၅ ရာခိုင်နှုန်းအထက် ပိုမိုသည့်ပိုင်ဆိုင်မှုအကျိုးခံစားခွင့်တစ်ရပ်ရှိသော နိုင်ငံတော်၌ ဖွဲ့စည်းတည်ထောင်ထားသည့်ကုမ္ပဏီကိုဆိုသည်။
- နိုင်ငံခြားကုမ္ပဏီများသည် အများနှင့်သက်ဆိုင်သောကုမ္ပဏီ တည်ထောင်ခွင့်နှင့် အများပြည်သူသို့ အစုရှယ်ယာများဖိတ်ခေါ်ရောင်းချခွင့်များရရှိလာပြီဖြစ်ပါသည်။

# ရန်ကုန်စတော့အိပ်ချိန်းတွင် နိုင်ငံခြားသားများ ပါဝင်ရင်းနှီးမြှုပ်နှံခွင့်ပြုခြင်း

- ရန်ကုန်စတော့အိပ်ချိန်းတွင် စာရင်းဝင်ကုမ္ပဏီများ၏ အစုရှယ်ယာများ နိုင်ငံခြားသားများပါဝင် ရောင်းဝယ်ခွင့်ပြုရန်၊ အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၁၉) အား (၁၂-၉-၂၀၁၉) ရက်နေ့တွင် ထုတ်ပြန်ခဲ့၊
- ယင်းအမိန့်ကြော်ငြာစာအရ ပြည်တွင်း/ ပြည်ပရှိ နိုင်ငံခြားသားများအားလုံး ပါဝင်ဆောင်ရွက်နိုင်၊
- ယင်းအမိန့်အကြော်ငြာစာတွင် ရန်ကုန်စတော့အိပ်ချိန်း၊ ရန်ကုန်စတော့အိပ်ချိန်းရှိ စာရင်းဝင်ကုမ္ပဏီများ၊ ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီများလိုက်နာဆောင်ရွက်ရမည့်အချက်များကို သတ်မှတ်ပြဋ္ဌာန်းထားရှိ၊

# အစိုးရငွေတိုက်စာချုပ်/ငွေချေးစာချုပ်

- မြန်မာနိုင်ငံတော် ဗဟိုဘဏ်သည် အစိုးရကိုယ်စား ၃ နှစ် နှင့် ၅ နှစ် သက်တမ်းရှိ ကျပ် ၁ သောင်းနှင့် ကျပ် ၁ သိန်း တန် အစိုးရ ငွေတိုက်စာချုပ်များကို ရန်ကုန်မြို့တွင် ၁–၁၂–၁၉၉၃ ရက်နေ့တွင် စတင် ထုတ်ဝေခဲ့၊
- လက်ရှိတွင် ၂ နှစ်၊ ၃ နှစ် နှင့် ၅ နှစ် သက်တမ်းရှိ ကျပ် ၁ သောင်း၊ ကျပ် တစ်သိန်း၊ ကျပ် ၁ သန်းနှင့် ကျပ် ၁၀ သန်းတန် ငွေတိုက်စာချုပ်များကို အသီးသီး ထုတ်ဝေရောင်းချခဲ့၊
- ၎င်းစာချုပ်များအပေါ် လက်ရှိအတိုးနှုန်းမှာ ၂ နှစ် သက်တမ်းရှိ စာချုပ်အပေါ် ၈.၇၅ % ၊ ၃ နှစ် စာချုပ်အပေါ် ၉.၀ % နှင့်၊ ၅ နှစ် စာချုပ်အပေါ် ၉.၅ % ဖြစ်၊

# အစိုးရငွေတိုက်စာချုပ်/ငွေချေးစာချုပ်

- ၁-၁-၂၀၁၀ ရက်နေ့မှစ၍ ငွေတိုက်စာချုပ် ဈေးကွက်ဖွံ့ဖြိုးတိုးတက်စေရန် မြန်မာ့စီးပွားရေးဘဏ်နှင့် မြန်မာ့ငွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေးကုမ္ပဏီတို့အား အများပြည်သူသို့ အစိုးရငွေတိုက်စာချုပ်များရောင်းချရန် ကိုယ်စားလှယ်အဖြစ် ခန့်အပ်ခဲ့၊
- ဘဏ်အချင်းချင်းနှင့် ဘဏ်နှင့်အဖွဲ့အစည်းများအကြား Secondary Market ဆောင်ရွက်ခြင်းကိုလည်း ၂၀၁၃ ခုနှစ်၊ ဧပြီလမှစ၍ ခွင့်ပြုပေးခဲ့၊
- ၂၀၁၆ ခုနှစ်တွင် ဗဟိုဘဏ်မှ စနစ်ပြောင်းခဲ့၊
  - Auction System
  - Scripless
  - CBM Net အသုံးပြုရန်၊

# အရင်းအနှီးဈေးကွက် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ထားရှိမှုများ

- ငွေချေးသက်သေခံလက်မှတ်များလဲလှယ်ရောင်းဝယ်ရေးဥပဒေပြဋ္ဌာန်း၍ ကော်မရှင်ဖွဲ့စည်းပြီး နည်းဥပဒေ ထုတ်ပြန်ခဲ့ခြင်း၊
- ငွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေးဥပဒေအရ ငွေချေးသက်သေခံလက်မှတ် ကုမ္ပဏီ ၆ ခု (MSEC, KBZ SC, KTzRH SC, CB SC, UAB SC, AYAtrust SC) တို့အား လိုင်စင်ထုတ်ပေးခြင်း၊
- စတော့အိပ်ချိန်းအား လုပ်ငန်းဆောင်ရွက်ရန်အတွက် ခွင့်ပြုပေးခဲ့ခြင်း၊
- KBZ Bank အား Fund Settlement Bank အဖြစ် တည်ထောင်ခွင့်ပြုခဲ့ခြင်း၊
- စတော့အိပ်ချိန်းတွင် စာရင်းဝင်၍ အစုရှယ်ယာရောင်းချမည့် အများနှင့်သက်ဆိုင်သောကုမ္ပဏီများဖြစ်သည့် FMI, MTSH , MCB, FPB & TMH တို့အား စာရင်းဝင်ကုမ္ပဏီအဖြစ် အတည်ပြုပေးခဲ့ခြင်း၊

# အရင်းအနှီးဈေးကွက် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ထားရှိမှုများ

- စတော့အိပ်ချိန်း၌ ရှယ်ယာများအရောင်းအဝယ်ပြုကြရာတွင် ရောင်းဝယ်သူများ နစ်နာဆုံးရှုံးမှု မဖြစ် ပေါ်စေရေးအတွက် အကာအကွယ်ပေးခြင်း၊ ကြီးကြပ်ကွပ်ကဲသူ (Regulator) အဖြစ်ဆောင်ရွက်ခြင်း၊ စတော့အိပ်ချိန်းတွင် ရောင်းဝယ်မှုများ ဆင်ပြေချောမွေ့စေရေးအတွက် လိုအပ်သော ငွေချေးသက်သေခံလက်မှတ်များလဲလှယ်ရောင်းဝယ်ရေးနည်းဥပဒေ၊ အမိန့်ကြော်ငြာစာများနှင့် ညွှန်ကြားချက်များ ထုတ်ပြန်ခဲ့ခြင်း၊
- ထို့အပြင် အများနှင့်သက်ဆိုင်သောကုမ္ပဏီများမှ ငွေချေးသက်သေခံလက်မှတ်များကို အများပြည်သူသို့ ကမ်းလှမ်းရောင်းချခြင်းမပြုမီ မည်သို့ကမ်းလှမ်းမည်ဖြစ်ကြောင်း ဥပဒေပုဒ်မ ၃၅ အရ တင်ပြလာပါက အများပြည်သူ ရင်းနှီးမြှုပ်နှံသူများနစ်နာနိုင်ဖွယ်ရာ ရှိ/ မရှိ စိစစ်၍ အဆုံးအဖြတ်ပေးခြင်း၊

# ပြည်ပအဖွဲ့အစည်းများနှင့် ဆက်သွယ်ဆောင်ရွက်မှုများ

- မြန်မာကုမ္ပဏီများ၏ ကော်ပိုရိတ်စီမံခန့်ခွဲမှု တိုးတက်စေရေးအတွက် IFC နှင့် SECM တို့အကြား MOU လက်မှတ်ရေးထိုး၍ ပူးပေါင်း ဆောင်ရွက်ခဲ့၊
- အရင်းအနှီးဈေးကွက်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်း ဆောင်ရွက် ရန် SECM နှင့် SECT တို့အကြား MOU လက်မှတ် ရေးထိုး၍ ပူးပေါင်း ဆောင်ရွက်လျက်ရှိ၊
- Corporate Governance Code အတွက် SECM နှင့် OECD အကြား MOU လက်မှတ်ရေးထိုး၍ ပူးပေါင်းဆောင်ရွက်လျက်ရှိ၊
- အစိုးရငွေတိုက်စာချုပ်ဈေးကွက် ဖွံ့ဖြိုးတိုးတက်ရေး အတွက် ABMI မှ Technical Assistance ရယူဆောင်ရွက်လျက်ရှိ။

# ရှေ့လုပ်ငန်းစဉ်များ

- စာရင်းဝင်ကုမ္ပဏီများ တိုးမြှင့်လာရေး ဆောင်ရွက်ရန်၊
- အများပိုင်ကုမ္ပဏီများအား Corporate Governance အလေ့အကျင့်ကောင်းများကျင့်သုံးရေး ပညာပေးလုပ်ငန်းများ ဆောင်ရွက်ရန်၊
- ရင်းနှီးမြှုပ်နှံသူများအတွက် ပညာပေးလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်ရန်၊
- အရင်းအနှီးဈေးကွက်တွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ပါဝင်လာစေရေး ဆောင်ရွက်ရန်၊
- Secondary Bond Market အတွက် ကြိုတင်ပြင်ဆင်မှုများဆောင်ရွက်ရန်၊
- Corporate Bond Market ဖြစ်ပေါ်လာစေရေးအတွက် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ရန်၊

# ကျေးဇူးတင်ပါသည်